သတင်းထုတ်ပြန်ချက်
၂၀၀၉ ခုနှစ် ဩဂုတ်လ (၁၃) ရက်

စစ်အစိုးရ၏ လတ်တလောလုပ်လိုက်သော မြေမွဲပြာကျ စစ်ဆင်ရေး က ရှမ်း ရွာသူရွာသားပေါင်း တစ်သောင်း ကျော်ခန့်ကို ၄င်းတို့၏ နေအိမ်မှ အမြစ်လှန် အတင်းမောင်းထုတ်၍ အိမ်ခြေပေါင်း ၅၀၀ ကျော် မီးရို့ ဖျက်ဆီးလိုက်ခြင်း

ရှမ်းပြည်အလယ်ပိုင်းနေထိုင်သော ရှမ်းရွာသူရွာသားပေါင်း တစ်သောင်း ကျော်ခန့်ကို ၄င်းတို့၏ နေအိမ်မှ အမြစ်လှန် အတင်း မောင်းထုတ်သည့် စစ်အစိုးရ၏ မြေမွဲပြာကျအောင် မီးရို့ဖျက်ဆီးသည့် စစ်ဆင်ရေးအသစ်နှင့် ပတ်သက်၍ ရှမ်း လူ့အခွင့်အရေးအဖွဲ့အစည်းများက စစ်အစိုးရအား ရှုံ့ချ လိုက်သည်။

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်၊ ရှမ်းအမျိုးသမီးရေးရာလှုပ်ရှား ဆက်သွယ်ဆောင်ရွက်ရေးအသင်းနှင့် အခြားသော ရှမ်းလူထုကို အခြေခံသည့် အဖွဲ့အစည်း များ၏ သတင်းကောက်ယူချက်များအရ ၂၀၀၉ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့ကတည်းက စစ်အစိုးရစစ်တပ်များမှ လဲချားမြို့နယ်အတွင်းရှိ အိမ်ခြေပေါင်း ၅၀၀ ကျော် နှင့် စပါးကျီများအား မီးရို့ဖျက်ဆီး ခဲ့သည့်အပြင် ရွာပေါင်း ၄၀ နီးပါး ကိုလည်း အတင်းအဓမ္မနေရာပြောင်းရွှေ့စေခဲ့ကြောင်း သိရှိရသည်။

အမျိုးသမီး အမျိုးသားအပါအဝင် ရွာသူရွာသားပေါင်း တစ်ရာကျော် စစ်အစိုးရစစ်သားများ၏ ဖမ်းဆီးနှိပ်စက်ခြင်းခံခဲ့ရပြီး အနည်းဆုံး ရွာသား ၃ ဦး အသတ်ခံခဲ့ရသည်။ ရှမ်းပျိုမလေးတစ်ဦးအား သူမ၏မီးလောင်နေသော အိမ်တွင်းမှ သူမပိုင်ဆိုင်သည့် ပစ္စည်းများ ပြန်ယူရန် ကြိုးစားစဉ် သေနတ် နှင့်ပစ်သတ်၍ အိမ်သာကျင်းတွင်း ပစ်ချခဲ့သည်။ အခြားအမျိုးသမီးတစ်ဦးကိုလည်း သူမ၏ခင်ပွန်းနှင့် စစ်သားသုံးဦးရှေ့၌ မုဒိမ်းကျင့်ခဲ့သည်။

"ဒီလူမဆန်သည့် လုပ်ရပ်တွေကို သွေးအေးအေးနဲ့ အစီအစဉ်ချ လုပ်ဆောင်ခဲ့တာပါ။ စစ်အစိုးရရဲ့ စစ်ကြောင်းမှူးကနေ အိမ်တွေကို ဓါတ်ဆီလောင်း မီးရို့ပြီးတာနဲ့ သူတို့ရဲ့ စစ်ဌာနချုပ်ကို အိမ် ဘယ်နှစ်အိမ်ကို မီးရို့ပြီးကြောင်း စကားပြောစက်နဲ့ ဆက်တိုက် သတင်းပို့တယ်။" ဟု *ရှမ်းလူ့အခွင့် အရေးမဏ္ဍိုင်၏ ဒါရိုက်တာ ဦး ခမ်းဟန်ဖ* မှ ပြောပြပါသည်။

စစ်အစိုးရမှ ၁၉၉၆ – ၁၉၉၈ အတွင်း ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အလယ်ပိုင်းတွင် နေထိုင်သော ရွာသူရွာသားပေါင်း ၃ သိန်း ကျော် အား အမြစ်လှန်ရွှေ့ပြောင်းစေခဲ့ပြီး၊ လူအများအပြားအား ထိုင်းနိုင်ငံသို့ ထွက်ပြေးစေသည့် လုပ်ရပ်နောက်ပိုင်းတွင် လုပ်သည့် အတင်းအဓမ္မ မောင်းထုတ်ခြင်း များအနက် ယခုကိစ္စမှာ အကြီးမားဆုံးဖြစ်သည်။ ယခုစစ်ဆင်ရေးကာလအတွင်း အတင်းအဓမ္မ မောင်းထုတ်ခံခဲ့ရသော ရွာသူရွာသားများမှာ ယခင် အတင်းအဓမ္မပြောင်းရွှေ့သည်ဒဏ်ကိုလည်း ခံစားခဲ့ရသူများ ဖြစ်သည်။ ယခုမောင်းထုတ်ခံရသည့် ရွာသူရွာသားအားလုံး ၄င်းတို့လုံခြုံစွာ ခိုလှုံနိုင်မည့်နေရာများကို လိုက်ရှာနေကြရပြီး တချို့မှာ မြို့တွင်း၊ ဘုန်းကြီးကျောင်းများတွင် ခိုလှုံနေကြသည်။ လာမည့် သီတင်းပတ်များတွင် ထိုင်းနိုင်ငံ အတွင်းသို့ လူအများစု ထွက်ပြေးလာနိုင်ကြောင်း တွက်ဆရသည်။

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်၊ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း၊ ရှမ်းကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးရေး ကော်မတီ၊ ရှမ်းသဘာဝ ပတ်ဝန်းကျင်အဖွဲ့၊ ရှမ်းလူငယ့်အင်အားအဖွဲ့ (SYP)နှင့် ရှမ်းကျန်းမာရေးစောင့်ရှောက်မှုကော်မတီတို့က စစ်အစိုးရအား ရှမ်းပြည်သူ လူထုအပေါ် လူမဆန်စွာညှင်းပမ်းနှိပ်စက်နေခြင်းများ ချက်ချင်းရပ်တန့်ရန် နှင့် ရွာသူရွာသားများအား ၄င်းတို့ဌာနေသို့ ပြန်လည် နေထိုင်ခွင့်ပြုရန် တောင်းဆိုသည့် အပြင် စစ်အစိုးရ၏ လူသားအပေါ်ကျူးလွန်နေသည့် ပြစ်မှုများကို အရေးယူဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂအမျိုးသားလုံခြုံရေးကောင်စီမှ စုံစမ်း စစ်ဆေးရေးကော်မရှင် ဖွဲ့ပေးရန်လည်း တောင်းဆိုပါသည်။

"စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုကြားနာစစ်ဆေးနေချိန်ကာလအတွင်း တကမ္ဘာလုံးက သူတို့ကို စောင့်ကြည့်နေတာကို သိသိကြီးနဲ့ စစ်အစိုးရက ဒီလို ပြစ်မှုတွေကို ဖြောင်ကျကျ ကျူးလွန်နေတာဟာ နိုင်ငံတကာအသိုင်းအဝိုင်းကို လုံးဝ အရေးမစိုက်ကြောင်း ပြောင်ပြောင်တင်းတင်း သရော်လိုက်တာပါဘဲ" ဟု *ရှမ်းအမျိုးသမီးရေးရာမှ ချမ်တောင်း* က ပြောပါသည်။

ရှမ်းလူထုအဖွဲ့အစည်းများ၏ ထပ်မံတောင်းဆိုချက်မှာ အာစီယံ အဖွဲ့ဝင်နိုင်ငံများအပါအဝင် မြန်မာ့အိမ်နီးနားချင်းနိုင်ငံများမှ မြန်မာ စစ်အစိုးရ၏ လူမဆန်သည့်လုပ်ရပ်များကို ရေငုံနှုတ်ပိတ်မနေတော့ဘဲ မြန်မာစစ်အစိုးရနှင့် ကူးလူးဆက်ဆံမှုများကို ပြန်လည်ဆန်းစစ်ရန် တောင်းဆိုထားပါသည်။ စစ်အစိုးရမှ ရှမ်းပြည်၌ မီးရို့ဖျက်ဆီးသည့်လုပ်ရပ်များကို အာစီယံနိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး မွန္တလေးမြို့တွင် ကျင်းပနေစဉ်တွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ရာ အာစီယံနိုင်ငံများအား ပမာမခန့် လုပ်ပြခြင်းလည်း ဖြစ်ပါသည်။

သတင်းအပြည့်အစုံကို *www.shanwomen.org* **တွင် ဖတ်ရှုနိုင်ပါသည်။**

<u>ဆက်သွယ်ရန်</u>

ခမ်းဟန်ဖ + ၆၆ ၈၆ ၁၈၄ ၂၄၃၀ ချမ်တောင်း +၆၆ ၈၁ ၆၀၃၆၆၅၅

စိုင်းဆေးဆိုင် + ၆၆ ၈၄ ၂၂၄၃၇၄၈